


ဝတ္ထု၊ဇာတ်ညွှန်း၊သရုပ်ဖော်
ဆွေမင်းစနေဖြူ
ဖိုင်ရာဇာ
လစဉ်
ကျွန်ုပ်နှင့်
ဝက်ပါတောင်မှ
သတ္တဝါဆန်း
ကာတွန်း-ဆွေမင်းစနေဖြူ

အခန်း (၁) အသက်ကယ်လိုက်သော ကျည်တစ်တောင့်






ယခင်ကကျွန်ုပ်တောလိုက်သွားသည်
ဆိုလျှင် တပည့်ကျော်ဗိုက်ကလေး
သာနောက်တော်ပါးကပါမြဲဖြစ်
လေရာ ။
သူ့ဆီက..မုဆိုးပညာတော့
မတတ်ဘူး...အပြောအမျိုးမျိုး
ပဲတတ်တယ်..
ယခုတစ်ကြိမ်တွင်မူမောင်နေထွန်း
ဆိုသောလူငယ်လေးပါလာသဖြင့်
ထူးခြားသောအခြေအနေတစ်ရပ်
ရှိလေပြီဟု....အသင်စာဖတ်သူ..
ယူဆကောင်းယူဆနိုင်လေသည် ။
အခြေအနေမှန်မှာ...မောင်နေထွန်းဆိုသူကား
ကျွန်ုပ်တို့ရွာမှမြေပိုင်ရှင်သူဌေးဦးရာဇာ၏
သားဖြစ်၏ ။ ငယ်စဉ်ကပင်ရန်ကုန်မြို့ရှိ
ဆွေမျိုးများထံသွားရောက်ကာတက္ကသိုလ်မှ
ဘွဲ့ရသည်အထိပညာသင်ကြားခဲ့ပြီးယခုမှ..
ဇာတိရပ်ရွာသို့ပြန်ရောက်လာသူဖြစ်၏ ။
ရန်ကုန်မြို့တွင်နေထိုင်
ကြီးပြင်းခဲ့သူဖြစ်
တောအရပ်ရောက်
သောအခါ...ပျင်းရာ
သည် ။










ထိုနေ့မှစ၍ မောင်နေထွဋ် အကောင်းစားအမဲပစ်ရိုင်ဖယ် သေနတ်ကြီးကိုကိုင်ကာကျွန်ုပ် ၏နောက်သို့တပည့်ကျော် စိုက်ကလေးနှင့်အတူတကောက် ကောက်လိုက်လာခဲ့ခြင်းဖြစ်၏။




မောင်နေထွဋ်ကား မြို့ကြီးသား
ဆန်ဆန်ယဉ်ကျေးသိမ်မွေ့၏ ။
ခေတ်ပညာတတ်လူငယ် ဗီဗီ
အကင်းပါးကာသင်ကြားတတ်
မြောက်လွယ်၏ ။
လေအောက်က
နေ..
ကျွန်ုပ်လည်းမုဆိုးတို့သိသင့်သိထိုက်
သမျှတို့ကိုဆရာအားမချန်ဘဲသင်ပြ
ပေးခဲ့လေရာ.....ယခုအခါအတော်
အတန်ပင်အခွမ်းအစရှိသော မုဆိုး
ကောင်းတစ်ယောက်ဖြစ်၍
နေလေပြီ ။
ပြီးတော့ဇာတိအရပ်တွင်
နေထိုင်ရသဖြင့် ပျင်းစရာ
ကောင်းသည်ဆိုသော
စိတ်ဓာတ်သည်လည်း
နေလာနှင်းကဲ့သို့လွင့်
ပျောက်သွားလေတော့သည် ။
မြို့မှာက အမဲလိုက်စရာ
မရှိတော့ ရည်းစားတွေပဲ
ရှာနေမိတယ်...ကိုဗိုက်
ရာ...
ကောင်း
တာပေါ့
နဂိုကတော့မုဆိုးအလုပ်ဆိုတာ
တော်တော်လွယ်လွယ်ကူကူ အလုပ်လို့
ကျွန်တော်ထင်ခဲ့တာ...သေနတ်ဆွဲ
တောထဲဝင်....တွေ့ကရာအကောင်
ပစ်ရုံပဲလို့


အခုတော့...မျောက်တစ်ကောင် ရှဉ့်တစ်ကောင်ပစ်ရတာကအခဲ မလွယ်ဘူးဆိုတာသဘောပေါက် လာတယ်...
သတ္တဝါမှန်သမျှရဲ့အပြင်းပြဆုံးဆန္ဒက အသက်ရှင်ရပ်တည်လိုမှုပဲကွ ဒီတော့..ဒီသတ္တဝါမှန်သမျှဟာ ကိုယ့်အသက်အန္တရာယ်လုံခြုံရေး ကိုဂရုစိုက်ကြရတယ်..
ကြီးနိုင်ကယ်ညှဉ်း နိုင်ရာစား ဝါးကြီးမိုးနေတဲ့ဒီလို တောတွေတောင်တွေထဲ ပိုဆိုးတာပေါ့ သတ္တဝါ တွေဟာအမြဲတမ်းအန္တရာယ် ကိုမျက်ခြည်မပြတ်အောင် ခတ်နေတယ်..
ဟုတ်တယ်....အစာစား နေတဲ့ သမင်နားကို ကပ်သွားတုန်း
ချွတ်ခနဲခြေသံ ကြားသွားပြီး
အဲဒီသမင်လေး...လစ် ပြေးတော့တာပဲ...



သူကအစာစားရင်းနားကလည်း ခွင့်ထားတာကိုး....ပြီးတော့.. မုဆိုးတစ်ယောက်ရဲ့တတ်သိ ရမယ့်ပညာတွေကလည်းအများကြီး
ဟုတ်တယ်တောရိုင်းတိရစ္ဆာန် တွေရဲ့သဘာဝကိုသိရော မကုန်နိုင်ဘူး...တစ်ကောင်နဲ့ တစ်ကောင်မတူကြဘူး....ဆင်ဟာ အမြင်မထက်သန်ဘူး ဒါပေမယ့် အနံ့ခံတော့အင်မတန်ကောင်းတယ်
ဟာ... ကျားဒီးပုံ ကြီး..
ပြီးတော့...တောရဲ့ပရိယာယ်ကလည်းအင်မတန်ကြွယ်တယ်.. နောက်တစ်ခုက မုဆိုးတစ်ယောက်လိုက်နာသင့်တဲ့ကျင့်ဝတ် စည်းကမ်းတွေ..ဥပမာ...အကောင်တွေမိတ်လိုက်တဲ့ရာသီမှာ အဲဒီကောင်ကိုမပစ်ဘဲရှောင်ဖို့...ဒါမှမျိုးမတုံးမှာ..
နောက်ဖီးနဲ့အမ...နို့တိုက်သားငယ် လေးတွေရှိတဲ့အမကိုမပစ်ဖို့ သတိပြုပေါ့လေ....အဲဒါမှလည်း မုဆိုးကောင်းတစ်ယောက်ဖြစ် နိုင်မှာ..


စကားတပြောပြောနှင့် ကျွန်ုပ်တို့သည်
အတော်ပင်နက်သောတောအတွင်းပိုင်း
သို့ပင်ရောက်ရှိလာပေသည်။
ဗိုက်ကလေးကမြေပြင်တစ်
နေရာသို့ လက်ညှိုးထိုးပြ၏။
မြေပြင်တွင် ချေးပုံတချို့
တွေ့ရသည်။
ဆရာတွတ်..
နေထွန်းက ဒူးထောက်ထိုင်က
ချေးပုံထဲ လက်ညှိုးနှိုက်ကြည့်
လိုက်၏။
အင်း
ချေးက
ခပ်နွေးနွေး
ပဲ...
ဒီတော့....ဒီနားကပြတ်သွားတာ
မကြာသေးဘူးထင်တယ်
ဆရာတွတ်..


မှန်သည်။ ကြာမြင့်စွာကပိုထားခဲ့သော ဈေးသာဆိုပါကအေး၍နေပေမည်။
အပေါ်ယံအရေခြောက်ပြီး တင်းမနေတာကိုကြည့်တာနဲ့ သိနိုင်လောက်ပါတယ်ကွ..
မင်း..ဘာကောင် ထင်လဲ..
ဈေးကအရွက်စားသတ္တဝါကောင်တွေရဲ့ ဈေးပဲ....ဆတ်တို့ နိုင်တို့လိုအကောင် ဖြစ်ပုံရတယ်ဆရာတွတ်..
ဟုတ်ပေ့ဗျာ..
မင်း...အကောင်ကို တိုးတက်လာပြီပဲ နေထွဋ်..
အီးပုံကြည့်တဲ့ နေရာမှာ..


ကျွန်ုပ်တို့သုံးဦးခြေသံလုံလုံဖြင့်
ရှေ့ကို ချီတက်ခဲ့ကြသည် ။
မကြာမီ ကျွန်ုပ်၏နားထဲတွင်
သစ်ရွက်ဝါးနေသံတိုးတိုး
သဲ့သဲ့ကြားလိုက်ရ၏ ။
ချုံပုတ်များကိုအကာအကွယ်
ယူ၍လေးဖက်တွားတက်လာခဲ့ရာ ။
ကျွန်ုပ်တို့ရှေ့ကိုက်သုံးရာခန့်တွင်
အစာစားနေသော နိုင်တစ်အုပ်ကို
တွေ့လိုက်ရသည် ။
ထိုအုပ်စုထဲတွင် အထွားဆုံးနှင့်
ခေါင်းဆောင်ဖြစ်ဟန်တူသော
နိုင်ထီးကြီးသည်ပတ်ဝန်းကျင်
ကိုအကဲခတ်စောင့်ကြည့်နေ
သည်ကိုတွေ့ရ၏ ။


သူကားအခြားသူများအစားစားနေစဉ်
အန္တရာယ်မကျရောက်ရလေအောင်
တာဝန်သိသိစောင့်ပေးနေခြင်းပင်
ဖြစ်သည်။
ဘယ်လိုလဲ
ဆရာတွက်
တို့...ဒီထက်ထပ်တိုးကပ်ဖို့
မသင့်တော်တော့ဘူး..
ဒါဖြင့်....ဒီကပဲပစ်ကြတာပေါ့
ကိုက်သုံးရာအတွင်းမှာ ဒီလောက်
ကြီးတဲ့ပစ်မှတ်ကြီးကိုတော့
ကျွန်တော်မလွဲအောင်ပစ်နိုင်
ပါတယ်ဆရာတွက်
အကြွား
ကတော့
ဆရာလိုပဲ..
ထိအောင်ပစ်နိုင်တာကတော့
မှန်တယ်...ချက်ကောင်းကိုမှန်
ဖို့တော့လိုတယ်.....လည်တိုင်အောက်
ရှေ့လက်ပြင်...နောက်ကိုဖောက်သွား
အောင်ပစ်ရမယ်....အဲဒီနေရာမှာ
နှလုံးသားရှိတယ်..







ကိုက်သုံးရာကျော်ဝေးသောပစ်မှတ်အတွက်ကျွန်ုပ်ကိုင်ဆောင်သောနှစ်လုံးပြူးမှာ ထိရောက်အောင်မစွမ်းဆောင်နိုင်သဖြင့်ယမ်းအားတွန်းကန်အားကောင်းသောအမဲပစ်ရိုင်ဖယ်ကိုင် နေထွဋ်ကို ပစ်ခွင့်ပေးလိုက်ရသည်။



နေထွဋ်က...ရိုင်ဖယ်ကိုနိုင်ထီးကြီးရှိရာ ထိုးချိန်လိုက်၏။ သူသည် စိတ်ချရသောမုဆိုးကောင်းတစ်ယောက်ဟု...ကျွန်ုပ်ယုံကြည်ပါ၏။ သို့သော် ချွင်းချက်တစ်ခုရှိနေသည်။




သူရှိုင်ပယ်မောင်းမတင်ရသေး ခြင်းဖြစ်၏။ တောထဲဝင်လာစဉ် တစ်လျှောက်လုံး လမ်းတွင် အန္တရာယ်ကင်းစေရန်ရှိုင်ပယ်ကို မောင်းချထားခဲ့၏။
သို့သော်သားကောင်ကို ခြေရာခံလိုက်မည်ဆိုသည် နှင့်အရင်ဆုံးလုပ်ရမည့် အလုပ်မှာ အသင့်ပစ်ခတ် နိုင်ရန်အနေအထားရောက် ဖို့ရှိုင်ပယ်ကိုမောင်းတင် ရခြင်းပင်ဖြစ်သည်။
ဟယ်...မောင်း မတင်ရသေး ဘူး
ယခုတော့ မောင်နေထွန်းသည်ကား တပြောပြောနှင့်ဤသင်ခန်းစာကို မေ့လျော့နေလေသည်။
ငှက်ကြီးတာတော့ ဆရာချည်းပဲ အာနေတာ
သူက ယခုအခြေအနေရောက်ကာမှ မလွဲသာသဖြင့် အရဲစွန့်ကာမောင်း တင်လိုက်သည်။ သတ္တဝါကား လှုပ်ရှားလိုက်သဖြင့် ချောက် ခနဲ မြည်သံမှာစပ်တိုးတိုးလေးထွက်သွားသည်။


သို့တိုင်အောင်အကင်းပါးလှသော နိုင်ကြီးကကြားသွားကာ
အသံလာရာသို့လှမ်းကြည့်ရင်းဆတ်ခနဲလှုပ်ရှားလိုက်၏။
တစ်ဆက်တည်းမှာပင်
နေထွင့်၏ရိုင်ဖယ်မှ
သေနတ်သံ....ကျယ်
လောင်စွာမြည်ဟိန်း
သွား၏။
ဒိုင်း!!
အသေအချာချိန်ရွယ်ပစ်ခတ်
လိုက်ပါသော်လည်းမထင်
မှတ်ဘဲနိုင်ကြီး၏လှုပ်
ရှားလိုက်မှုကြောင့်ပစ်မှတ်
နှင့်လွဲချော်သွား၏။
ရင်အုံကိုမထိဘဲ အထက်လည်တိုင်
ကိုသာမှတ်ထိသွားသည်။နိုင်ကြီးက
ကျည်ထွက်လမ်းကြောင်းအတိုင်း
အားသွန်ဒုန်းစိုင်းပြေးလာသည်။


ပထမအကြိမ်ပစ်ပြီး
ပြီးချင်းမောင်းထစ်
တင်ကာ..ဒုတိယအကြိမ်
ပစ်ခတ်မည်ဆိုလျှင်
လျှင်မြန်သူဖြစ်ပါက
မိနိုင်၏ ။
သို့သော်နေထွင့်ရှမှာရုတ်တရက်ငေးကြောင်
နေပြီးမှမောင်းတင်နေသဖြင့်နောက်ကျ၍
သွားလေပြီ...။
သေနတ်မြောက်ကာ...မချိန်မီ....မှာပင်
နိုင်ကြီး၏ချိုများတွင်သူသည်မြောက်
ပါသွားကာအသက်ပျောက်သွားလောက်
ပေသည် ။
ထို့ကြောင့် အနီးရောက်လာသော
နိုင်ကြီးကိုကျွန်ုပ်၏နှစ်လုံး
ပြူးကြီးနှင့်ပြေရှင်းလိုက်
ရတော့သည် ။
ဂေါက်
ဂေါက်


နှစ်လုံးပြူးသေနတ်ကား ဤကဲ့သို့ အနီးကပ်တိုက်ခိုက်ရာတွင်များစွာ ထိရောက်အစွမ်းထက်လှသည် ။
နိုင်ကြီး၏ခေါင်းအုံထဲကို နှစ်လုံးပြူး ကျည်ဆန်အစေ့ကလေးများက တစ်ပြိုင်နက်တည်းဖောက်ဝင်သွား သည်နှင့်နိုင်ကြီးမှာနေရာတွင်ပင် တုံးခနဲခြေတုံ့ကာလဲကျသွား တော့သည် ။
နိုင်ကြီးလဲကျသွားသောနေရာမှာ နေထွင့်ရပ်နေသောနေရာနှင့် ခြေလှမ်းနှစ်လှမ်းတမျှသာကွာ ဝေးတော့သည် ။
သို့နှင့်သေမင်းလက်မှလက်မတင် လွတ်လာကြသောကျွန်ုပ်တို့ နွားပေါက်လောက်နီးပါးရှိသော နိုင်သေကြီးထမ်းကာရွာပြန်ခဲ့ကြ တော့သည်
ကျေးဇူးပါပဲဆရာတွတ် ကျွန်တော့်အတွက်တော့ အပိုးတန်သင်ခန်းစာ တစ်ခုပါပဲ

## အခန်း (၂) ချိုင်းထောက်နှင့် လူစိမ်း ရောက်လာခြင်း







ဖျက်ရသောအသားမိုများကိုရောင်း
တန်တာရောင်း၊ ဟင်းခါးပေးသင့်
သူကိုပေးရ၏။
ဆရာတွတ်ရေ
ကျွန်တော့်အတွက်
ကလီစာလေးတစ်တွဲ
လုပ်ဦးနော်
ဟာ။
မင်းကိုပေါင်သားတစ်တွဲ
ပေးပြီးပြီမဟုတ်လားခေါကြီးရ
အဲဒါက ကျွန်တော့်အိမ်အတွက်လေ
အခု ဟာကချာလယ်က...ကျွန်တော့်ကလီစာ
လေး...အဲ...အဲ....မနှင်းမြအတွက်လေ
ဆရာတွတ်ရဲ့..
မနက်စာအထိ
လာပို့နော်လို့
မနှင်းမြဆိုတာ...သင်း
ပိုးနေမှန်း ကျွန်ုပ်သိ၏။
ယခုလည်း ပိုးကြေး
ပန်းကြေးပေးရအောင်
တောင်းနေခြင်းဖြစ်၏
အလျှူလေက်ဖက်နဲ့
ဖျက်နွာလုပ်တဲ့
ကောင်...ဟွန်း..


သူတို့မှာသားအမိ နှစ်ယောက်ပဲရှိတာ ဆရာတွက်လည်းအသိ သားနဲ့၊ သနားစရာဗျာ
နင်...ဒီလောက်သနားရင်လည်း နင်ချွေးမကြီးယူလိုက်ပါလား ဒါဆိုရဲရဲတင်းတင်းလုပ်ကျွေး နိုင်တာပေါ့
ဖွဟဲ့....လျှပါစေ ပယ်ပါစေ မဦးမချွတ်မပြောနဲ့ဗျာ.. ကလိစာတစ်တွဲမပေးချင်တာနဲ့
ဒီက...ချစ်လိုက်ရတာ မင်းအသိဆုံးပါ....မမရင်ထဲက ကိုခေါ်ရယ်....ဒဲ့
နင့်ရှုပ်ကြီးနဲ့စိတ်ကောက် မနေစမ်းပါနဲ့ခေါကြီးရာ လူလည်းမလှဘဲနဲ့ကျွန်ုပ် နောက်နေတာပါ အမြန်ကျ မင်းလိုချင်တာယူသွား..



မသေးမျှင်ကားအသားများကို
တစ်ပိဿာစည်းတွေချိန်တွယ်
နေရာကကျွန်ုပ်ကို မျက်စောင်း
လှမ်းထိုးပြီး ။
ဘာလဲ...ဒါကမှ
နှင်းမြအမေကြီး
စားဖို့လား
ဟား...ဟား...ဗိုင်ပို့
မမျှင်ရာ
ထိုနေ့ ကျွန်ုပ်တို့ထံသို့
တပည့်မောင် နေထွန်း
ရောက်လာကာ ။
ဆရာတွက်တို့
အလုပ်က မပြတ်
သေးပါလား
အင်း....အသားစိမ်းတော့
ရောင်းတန်သလောက်ရောင်းပြီး
ပါပြီ....ကျန်တာတွေတော့အခြောက်
လှမ်းပြီးသိမ်းထားရတော့မှာပေါ့
အခြောက်လှန်းထားရတဲ့အသား
တွေများလှပြီ..


မိုးတွင်းလေနဲ့မိုးနဲ့အမဲပစ်မထွက် နိုင်တော့စားရတာပေါ့မမျှင်ရဲ့..
ဒီမိုးမဟုတ်ဘူးဟေ့ အခုတော့သုံးနှစ်သုံးမိုး စားလို့ကုန်မှာမဟုတ် ဘူး..
ဒီလိုသာအသားတွေပိုနေရင် ဘယ်ဟန်ကျမလဲ..ဒီအသားတွေကို ဖြုန်းနိုင်မယ့်နည်းကျွန်တော် စဉ်းစားမိတယ်..
ဘာများလဲ မောင်နေထွဋ်..
ထမင်းဆိုင်ဖွင့် ရောင်းလိုက်ပေါ့ ဆရာထွတ်..
၂၀


ဟား...ဟား...ဟား...မောင်နေထွဋ်၊ ငါလည်း မြို့ရောက်ဖူးပါတယ်...မင်းတို့ရန်ကုန်မှာ ထမင်းဆိုင်တွေကတကယ်ပေါ်တာပဲ... အခုဟာတောကွ...ကိုယ့်အိမ်ကိုယ် ချက်စားကြတာ....ဘယ်သူကလာဝယ် စားမှာလဲ..
ဒီလိုလေ ဆရာတွက်ရဲ့ ကျွန်တော်တို့ရွာက လမ်းလေးခွဆုံးမှာ ရှိတယ် မဟုတ်လား..
မြို့ကိုကားသွားစီးမယ့်လူ တွေဟာ ကားလမ်းမရောက် အောင်ကျွန်တော်တို့ရွာက ဖြတ်သန်းသွားရတာချည်းပဲ အပြန်လည်းဒီလိုပဲ....ဒီနေ ရာကိုထမင်းစားချိန်ရောက် လာတဲ့သူကစားချင်မှာပေါ့ ဆိုင်သာတွေ့ရင်ဝယ်စား မှာပဲထင်တယ်
ဒါပေါ့..
ဒါပေမယ့် တို့အိမ်က ချောင်ကျတယ် ကွ...
ဆရာတွက်အိမ်မှာဖွင့်လို့တော့ ဘယ်ရမလဲ....ဟောဒီကိုခေါကြီး တို့အိမ်မှာဖွင့်ပေါ့..


မှန်သည် ။ ခေါကြီးအိမ်ကားရွာထိပ်လမ်းဆုံအနီးတွင်ရှိ၏ ။ ခြေတံရှည်အိမ်တစ်လုံးဖြစ်၍အောက်ပိုင်းကဆိုင်ဖွင့်ရန်အဆင်ပြေသည် ။
သို့ဖြင့်မသေးမျှင်လည်းမိန်းမဝီဝီရပေါက်ရလမ်းကိုမြင်သောအခါ စိတ်တက်ကြွလာကာ ။
ဘယ်လိုလဲဟဲ့ ခေါကြီး
မမျှင်တို့ကဘယ်လောက်ပေးမှာလဲ..
ဆိုင်ကအမြတ်အစွန်းရှိ မရှိ မသိဘဲတို့က ဘယ်လိုလုပ်ပေးမှာလဲ.....ရမ်းပေးလိုက်ရင် မင်းသိပ်နစ်နာသွားမှာပေါ့..
ဪ.. ဟုတ်လား



ဟုတ်တယ်..ဦးတော့...တို့ဆိုင်လာ ဖွင့်မယ်...မင်းနေရာကိုအသုံးပြုရတဲ့ အတွက်မင်းကိုနေ့စဉ်...ထမင်းဟင်း အလကားကျွေးမယ်..
ကြိုက်တဲ့ဟင်းနဲ့ ကျွေးမှာလား..
ကျွေးမယ်....လက်ကုန်လို့ခါရင်း ချုပ်လိုက်လို့အမြတ်ပေါ်ရင် မင်းကိုခွဲပေးမယ်....ဘယ့် နှယ်လဲ..
ထမင်းအလကားစားရတော့ မည်ဆိုသဖြင့် စောတင်မောင် သဘောတူလိုက်၏။
မိန်လိုက်ဗျာ.. ရှယ်
ဆိုင်နာမည်ကရော ဘယ်လိုပေးမှာလဲ..


လူပျိုကြီး....ထမင်းဆိုင်လို့ပေး လိုက်ပေါ့...ကြော်ငြာတောင် ဖြစ်သေး....ဟီး..
မရယ်ပါနဲ့ခေါကြီးရာ....နင့်ဆိုင် ထင်ပြီးအပျိုလေးတွေ.. ဝင်မစားရင်ခက်ကုန်ပါမယ်..
ဆရာတွတ်ဆိုဒီနယ်တကြော အသိအကျွမ်းပေါတယ်....ဒီတော့ မြိုင်ရာဇာ....လို့ပေးပေါ့....ပြီး တောသားရမည်လို့ရေးထား ချေသား၊ ဆိတ်သားဆိုတာ စားရစ်တယ်..
မောင်နေထွန်းကအားလုံးသဘော တူကြသည့်အမှုအရာကိုမြင်သည်နှင့် ရေနွေးခွက်များအားလုံးကိုဖြည့်ကာ
တစ်ယောက်တစ်ခွက်စီကမ်းပေး၍ အားလုံးအတူတကွသောက်လိုက် ကြတော့သည်တကား။


လေးငါးရက်ခန့်ရှိသောအခါရွာထိပ်ရှိ
ခေါင်းမောင်တို့အိမ်တွင်ကျွန်ုပ်တို့
ထမင်းဆိုင်ဖွင့်ဖြစ်ခဲ့ကြလေသည်။
ထမင်းဆိုင်အတွက်လိုအပ်သော
အိုးခွက်၊ ပန်းကန်သောက်ရေခွက်
အကြမ်းခွက်တို့ဝယ်ရန်အတွက်
မသေးမျှင်နားကပ်လေးတစ်ရန်တော့
အပေါင်ဆိုင်တွင်ခဏထားလိုက်ရသည်
ဗေဒင်ဆရာက
ရွှေမဝတ်ရဘူးလို့
ဟောထားလို့လို့
ပြောရမယ်..
ရွာထဲကအိမ်တစ်ချို့မှအသုံး
မလိုတော့သောစားပွဲခုံနှင့်
ကုလားထိုင်ဟောင်း.....သုံးလေး
ခုံကိုဈေးပေါပေါနှင့်ငှါးရသည်။


မသေးမျှင်ကိုကူညီကာချက်ပြုတ်ပေးဖို့ ကူဖော်လောင်ဖက်တစ်ယောက်လို နေလေရာ..
တစ်မျိုးမထင်နဲ့ နော်....ကိုယ့်ဆရာ တပည့်ချင်း အကြံပြု ချင်တာက.. မကောင်းဘူးလား
ခေါတင်မောင်တိုက်တွန်းချက် အရ....မနှင်းမြလေးကိုငှါး လိုက်ရ၏။
ဒီယုံမြင်လို့ ဒီချုံထွင်တာ ကွ..
ခေါတင်မောင်ကားပိုးပန်း ဖို့ရာ ခြေအေးဝမ်းယောင် လုပ်ရောမလိုတော့သဖြင့် ဝမ်းသာနေ၏။
အိုးမကွာ....အိမ်မကွာ ပိုးလို့ရပြီ...မိုးရွာရင် ပိုကြိုက်သေး
ဆရာလေးကိုကြည်နိုင်ကစေတနာဖြင့် အခမဲ့....မြိုင်ရာဇာ....ထမင်းဆိုင်ဆိုင်းဘုတ် ကိုရေးပေးသည်။
ဆရာလေးက ဒါလည်းရသ ကိုး..
ဟုတ်ပ.. ဟုတ်ပ..
ဆိုင်းဘုတ်စတင်သည့်နေ့ကရွာကလူများ အထူးအဆန်းလုပ်လာကြည့်ကြသလို အရူးဟုပင်ထင်နေကြသလိုလို။
ဆရာထွက်နယ်...ဘယ်သူ လာစားမှာလဲ..
ဆာတဲ့သူ တွေပေါ့..




မစားသူများဝင်ရောက်နားနေလျှင်လည်းမြန်မာပီပီကျွန်ုပ်တို့က ရေနွေးကောင်းကောင်းဖြင့်ဧည့်ခံ၏။









ကျွန်ုပ်ကားခားသောက်သူတွေအလို
ကျပြစ်စေရန်ရက်ခြားပင်တောပစ်
ထွက်နေရ၏။
ဟိုမှာ
မျောက်သား၊ ယုန်သား၊ ဒါသား
ရစ်သား၊ ဖွတ်သားစသည့်
အသားဆန်းဆန်းကလေးများ
ရောင်းရသဖြင့်ဆိုင်လေးမှာ
အသင့်အတင့်ဝင်ငွေရနေ၏။
ဗိုက်ကလေးကားခားပွဲလည်း ထိုးရ၏။
အိုးခွက်ပန်းကန်လည်းဆေးရ၏။
ခေါက်တောင်မောင်ကလည်း လိုအပ်သလို
ကူညီပေး၏။
ဗိုက်ကလေး
ဦးကြီးခွေးတိုဝိုင်း...မင်း
ပို့လိုက်.....ပုဆွဲမိတိုဝိုင်း
ငါပို့မယ်..
သို့သော်..ကူညီတတ်သူ
ခေါက်တောင်မောင်ကိုမယုံ
ရသောအခါများရှိ၏။
မမျှင် မအားရင်
ဒီပါဆယ် အတွက်
ကျွန်တော် ဟင်း
ထည့်ပေးလိုက်မယ်..



အပျိုလေးတွေဟင်းလာဝယ်လျှင်
မျက်နှာလည်ကာ ဟင်းတွေပိုထည့်
ပေးတတ်ခြင်းဖြစ်သည် ။
ဒေါ်ကြီး....အဲဒါ
ဘယ်နှပွဲစာလဲ
တစ်ပွဲစာ
မမျှင်..
အမယ်လေး....ဒေါ်ကြီးရယ်
နင်ရောင်းပုံနဲ့ဆိုငါတော့
နားကပ်တင်မဟုတ်ဘူး
လူပါပေါင်ရမယ်..
ရောင်းတတ်ရင်ကုသိုလ်ရပါတယ်
သဒ္ဓါတရားမနည်းစမ်းပါနဲ့
မမျှင်ရဲ့..
ဟို...
သိပ်သဒ္ဓါရင်
နင် ကိုယ်တိုင်
လိုက်သွား....ငါ့ဟင်းနဲ့
သဒ္ဓါပိုမနေနဲ့
ကျွန်တော်လိုက်ချင် တာမှ
တစ်ပိုင်းကိုသေလို့....သူတို့က
ခေါ်မှာမခေါ်ကြတာ...